EMReF Enlightened Myanmar Research Foundation ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်းမှ စုစည်းတင်ပြသည်။

# ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်များဆိုင်ရာ သတင်းစာစဉ်

အတွဲ(၄)၊ အမှတ်-၉၃

ဇန်နဝါရီ ၂၁ ရက်၊ ၂၀၂၀

## ရခိုင်တွင် ရွေးကောက်ပွဲမကျင်းပနိုင်သည့် မဲဆန္ဒနယ်များလျှင် စစ်တပ်လွှမ်းမိုးသော လွှတ်တော်ဖြစ်နိုင်ဟုဆို

**ဇန်နဝါရီ ၃၊ ၂၀၂၀**

ရခိုင်ပြည်နယ်တွင် ရွေးကောက်ပွဲမကျင်းပဖြစ်သည့် နယ်မြေများလာပါက စစ်တပ်လွှမ်းမိုးသော ပြည်နယ်အစိုးရနှင့် ပြည်နယ်လွှတ်တော် ဖြစ်လာနိုင်ကြောင်း ရခိုင်အမျိုးသားပါတီမှ နိုင်ငံရေးမူဝါဒ ဦးဆောင်ကော်မတီအဖွဲ့ဝင် ဦးထွန်းအောင်ကျော်က သုံးသပ်ပြောကြားသည်။

"ပြည်နယ်လွှတ်တော်ကတော့ ရှိနေမှာပဲ၊ ဘာကြောင့်လဲဆိုတော့ လုံခြုံမှုရှိတဲ့နေရာတွေမှာ ရွေးကောက်ပွဲက မဖြစ်မနေလုပ်မှာပဲလေ။ ၂၀၀၈ ဖွဲ့စည်းပုံအရ ၂၅ ရာခိုင်နှုန်းက ရှိနေပြီးသား။ ရွေးကောက်ပွဲလုပ်ပြီး တက်လာတဲ့ ကိုယ်စားလှယ်တွေကလည်း ရှိနေမှာလေ။ ပြည်သူတွေတင်မြှောက်တဲ့ ပြည်သူ့ကိုယ်စားလှယ်တွေဘက်က အားနည်းချက်ရှိခဲ့ရင်ကတော့ လွှတ်တော်နဲ့အစိုးရဟာ တပ်မတော်ကဦးဆောင်တဲ့ အစိုးရဖြစ်လာနိုင်တယ်လို့မြင်တယ်" ဟု ၎င်းက ဆိုသည်။

ရခိုင်ပြည်နယ် မြို့နယ် ၁၇ မြို့နယ်အနက် ရသေ့တောင်၊ ဘူးသီးတောင်၊ မောင်တော၊ မြောက်ဦး၊ ကျောက်တော်၊ မင်းပြား၊ ပုဏ္ဏားကျွန်း၊ အမ်းနှင့် မြေပုံမြို့နယ်တို့တွင် တိုက်ပွဲများဖြစ်ပွားကာ နေရပ်စွန့်ခွာထွက်ပြေးနေရသည့် စစ်ဘေးဒုက္ခသည်တစ်သိန်းကျော် ရှိနေသည်။

ရခိုင်ပြည်နယ် ငြိမ်းချမ်းရေးကိစ္စကို တွန်းတွန်းတိုက်တိုက် လုပ်ဆောင်နိုင်ခြင်းမရှိပါက ရွေးကောက်ပွဲကာလတွင် တိုက်ပွဲများပိုမိုပြင်းထန်လာနိုင်ကြောင်း၊ ရွေးကောက်ပွဲကျင်းပနိုင်မည့် နယ်မြေများလည်း ကျဉ်းမြောင်းသွားနိုင်ပြီး လွှတ်တော်နှင့် အစိုးရဖွဲ့သည့်နေရာတွင် အကျပ်အတည်းရင်ဆိုင်ရနိုင်ကြောင်း ဥပဒေပညာရှင် ဦးခင်မောင်မြင့်က သုံးသပ်ပြောကြားသည်။

ရွေးကောက်ပွဲကော်မရှင်အနေဖြင့် ဒေသခံအုပ်ချုပ်ရေးအဖွဲ့အစည်းများက လုံခြုံရေးတာဝန်မယူနိုင်ပါဟု ဆုံးဖြတ်ချက်ပေးပို့လာပါက ရွေးကောက်ပွဲကျင်းပခြင်းကို ဖျက်သိမ်းနိုင်ကြောင်း ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်တစ်ဦးက ပြောကြားသည်။

"အခုဆိုရင် ၂၀၂၀ ဇန်နဝါရီ ဒုတိယပတ်ထဲရောက်နေပြီ။ စစ်ပွဲရပ်တန့်ရေးအတွက် အစိုးရ၊ တပ်မတော်နဲ့ AA တို့ ညှိနှိုင်းပြီးတော့ ကောင်းတဲ့အလားအလာတစ်ခုကို တိတိကျကျ အဖြေရှာတည်ဆောက်နိုင်ဖို့လိုတယ်။ တိုက်ပွဲရပ်တန့်ရေးနဲ့ ငြိမ်းချမ်းဖို့၊ ပြည်သူလူထုတွေ ကိုယ့်ရပ်ကိုယ့်ရွာတွေမှာ စားဝတ်နေရေးလူမှုဘဝ အာမခံချက်ရှိဖို့ အရေးကြီးတယ်။ အခုဟာက မဲပေးမယ့်မဲဆန္ဒရှင်တွေက နေရပ်စွန့်ပြီး စစ်ဘေးရှောင်စခန်းတွေမှာ နေနေရတယ်။ အဲဒါဆိုတော့ မဲဆန္ဒရှင်စာရင်း ဘယ်လိုကောက်မလဲ"ဟု ဦးထွန်းအောင်ကျော်က ဆိုသည်။

(ကိုးကား - http://thevoicemyanmar.com)

## ရသေ့တောင်မြို့နယ်အတွင်း တိုက်ပွဲကြောင့် ပိတ်မိနေသူများကိုကယ်ထုတ်

**ဒီဇင်ဘာ ၂၈၊ ၂၀၁၉**

ရသေ့တောင်မြို့နယ်အတွင်း တိုက်ပွဲဖြစ်ပွားပြီးနောက် ပိတ်မိနေသောသက်ကြီးရွယ်အိုများနှင့် ရွာသား ၂၇ ဦးကို ကယ်ထုတ်ခဲ့ကြောင်း ပုဏ္ဏားကျွန်းမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်လတ်က ပြောသည်။

ဒီဇင်ဘာလ ၁၄ ရက်က သောင်းဒရားကျေးရွာအနီး ပစ်ခတ်မှုဖြစ်ပွားပြီးနောက် ရွာသားများဘေးလွတ်ရာသို့ ထွက်ပြေးခိုလှုံရပြီး သက်ကြီးရွယ်အိုနှင့် ရွာသားအချို့ ထွက်မပြေးနိုင်ဘဲ ကျေးရွာအတွင်း ပိတ်မိနေသည်။

၎င်းတို့ကို ရခိုင်လွှတ်တော်ကိုယ်စားလှယ်အချို့နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များက ဒီဇင်ဘာ ၂၇ ရက် ညနေတွင် ကယ်ထုတ်နိုင်ခဲ့ကြောင်း ဦးခင်မောင်လတ် က ပြောသည်။

"ပိတ်မိနေသူအကုန်လုံးကို ကယ်ထုတ်ပြီးတော့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှာ နေရာချပေးထားခဲ့ပါတယ်" ဟု ဦးခင်မောင်လတ်က ဆိုသည်။

ရခိုင်ပြည်နယ်၌ တပ်မတော်နှင့် ရခိုင်လက်နက်ကိုင်အဖွဲ့ (AA) တို့ ၂၀၁၈ နှစ်ကုန်ပိုင်းကစ၍ တိုက်ပွဲများဖြစ်ပွားခဲ့ပြီး လက်ရှိတွင် ဘေးလွတ်ရာ၌ ခိုလှုံနေရသူတစ်သိန်းခန့်ရှိကြောင်း လူမှုအဖွဲ့အစည်းများက ပြောကြားသည်။

(ကိုးကား - https://7day.news)

# ပဲခူးတိုင်းအစိုးရ၏ လုပ်ဆောင်ချက်များကို လွှတ်တော်သို့ အစီရင်ခံစာမတင်ဟုဆိုခြင်းမှာ စကားလုံးအသုံးအနှုန်းနှင့် လုပ်နည်းလုပ်ဟန်ကွဲလွဲခြင်းသာဖြစ်ကြောင်း ဝန်ကြီးပြော

ဇန်နဝါရီ ၁၉၊ ၂၀၂၀

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီမံကိန်းဆိုင်ရာ လုပ်ဆောင်ချက်များကို တိုင်းလွှတ်တော်သို့ မတင်သွင်းဟုဆိုခြင်းမှာ စကားလုံးအသုံးအနှုန်းနှင့် လုပ်နည်းလုပ်ဟန်ကွဲလွဲခြင်းသာဖြစ်ကြောင်း ပဲခူးတိုင်းအစိုးရအဖွဲ့ပြောခွင့်ရပုဂ္ဂိုလ် ဝန်ကြီး ဒေါက်တာစောညိုဝင်းက ပြောသည်။

တိုင်းလွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေကြမ်းကော်မတီက လက်ရှိကျင်းပဆဲ (၁၄) ကြိမ်မြောက် ပုံမှန်အစည်းအဝေးသို့ တင်သွင်းသော အစီရင်ခံစာတွင် အစိုးရအဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက်များကို လွှတ်တော်အစည်းအဝေးများတွင် တင်သွင်းခြင်းမရှိဟု ထောက်ပြထားမှုအပေါ် မေးမြန်းသည်ကို ၎င်းက အထက်ပါအတိုင်း ပြန်လည်ဖြေကြားခြင်းဖြစ်သည်။

"ကျွန်တော်တို့အနေနဲ့ ကော်မတီက ထောက်ပြတဲ့အပေါ်မှာ ဇာစ်မြစ်ကို စုံစမ်းကြည့်တော့ ဝန်ကြီးချုပ်က လွှတ်တော်ကို အစီရင်ခံစာမတင်တာတော့ မဟုတ်ဘူး။ လွှတ်တော်အစည်းအဝေးတိုင်းမှာ တင်တယ်။ ဒါပေမဲ့ လွှတ်တော်က ဝန်ကြီးချုပ်ရဲ့မိန့်ခွန်းလို့ သုံးနှုန်းလိုက်တော့ အဲဒီမှာ စကားလုံးအသုံးအနှုန်း အနည်းငယ် နားလည်မှုလွဲတဲ့သဘောဖြစ်သွားတယ်။ နောက်တစ်ခုက အစီရင်ခံစာမဟုတ်ဘဲ မိန့်ခွန်းလို့ သုံးနှုန်းလိုက်တော့ အပြန်အလှန်ဆွေးနွေးတဲ့အပိုင်း မလုပ်ရဘူးပေါ့။ ဒါကိုလည်း လွှတ်တော်နဲ့ ပြန်လည်ညှိနှိုင်း လုပ်ဆောင်သွားဖို့ရှိပါတယ်"ဟု ဝန်ကြီး ဒေါက်တာစောညိုဝင်းက ပြောသည်။

အစိုးရအဖွဲ့က တိုင်းဒေသကြီးအတွင်း အကောင်အထည်ဖော်လျက်ရှိသော စီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးထိ သက်ဆိုင်ရာကဏ္ဍအလိုက် လွှတ်တော်သို့ တင်သွင်းထားပြီး ဟံသာဝတီလေဆိပ်စီမံကိန်းကဲ့သို့ ပြည်ထောင်စုအဆင့်က တိုက်ရိုက်ကွပ်ကဲသော စီမံကိန်းအချို့မှအပ အားလုံးကို လွှတ်တော်သို့အစီရင်ခံတင်ပြကြောင်း ၎င်းကပြောသည်။




ဝန်ကြီး ဒေါက်တာစောညိုဝင်း (ဓာတ်ပုံ-ပဲခူးတိုင်းဒေသကြီးလွှတ်တော်)

ဇန်နဝါရီ ၈ ရက်က ကျင်းပသော (၁၄) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့တွင် တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေကြမ်းကော်မတီက လွှတ်တော်သို့ အစီရင်ခံစာတင်သွင်းရာ၌ တိုင်းအစိုးရ၏ လုပ်ဆောင်ချက်များကို တစ်ကြိမ်သာ လွှတ်တော်သို့ အစီရင်ခံစာတင်သွင်းခြင်း၊ လုပ်ငန်းကဏ္ဍအလိုက် သက်ဆိုင်ရာအစိုးရအဖွဲ့ဝင်များက လွှတ်တော်သို့ ပြန်လည်ဖြေရှင်းရမည့်အစား တိုင်းဥပဒေချုပ်တစ်ဦးတည်းက တာဝန်ခံဖြေကြားနေခြင်း စသည့် အချက်များကို ပြုပြင်ရန်လိုအပ်ကြောင်း ထောက် ပြထားသည်။

"အစီရင်ခံစာဆိုတာ အစိုးရအဖွဲ့ကနေ လွှတ်တော်ကို တလေးတစားနဲ့ ရှေ့လုပ်ငန်းစဉ်၊ ဆောင်ရွက်ဆဲ၊ ဆောင်ရွက်ပြီး စသဖြင့် အသိပေးတင်သွင်းတာ။ မိန့်ခွန်းဆိုတာကျတော့ ပြောမယ်ဆိုရင် အပေါ်စီးကလာတာမျိုး၊ ဘယ်လိုမှ အဓိပ္ပာယ်မတူနိုင်ဘူး။ ဒါကို စကားလုံးအသုံးအနှုန်း ကွဲလွဲပါတယ်လို့ အကြောင်းပြတာ ရောချလိုက်တာပဲ"ဟု တိုင်းလွှတ်တော်ကိုယ်စားလှယ် ဦးဇော်နိုင်ဦး (သဲကုန်း-၁) က သုံးသပ်သည်။

ထို့အပြင် တိုင်းဒေသကြီးအစိုးရသည် ပိုလျှံဘဏ္ဍာငွေများအနက်မှ ဘဏ္ဍာငွေအချို့ကို စီမံကိန်းလုပ်ငန်းများ၌ အသုံးပြုထားသော်လည်း လွှတ်တော်သို့ အသိပေးခြင်းမရှိသည့်အတွက် တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေကြမ်းကော်မတီ၏ ထောက်ပြပြောဆိုမှုမှာ လုပ်ထုံးလုပ်နည်း မှန်ကန်သည်ဟု ဆိုသည်။

(ကိုးကား-https://7day.news)

# ငြိမ်းချမ်းရေးနှင့်ပတ်သက်သည့် လူထုအသံအား ပြည်နယ်လွှတ်တော်သို့ တင်ပြ

**ဇန်နဝါရီ ၁၅၊ ၂၀၂၀**

၂၀၁၉ ခုနှစ်အတွင်းက ကယားပြည်နယ် မြို့နယ်အဆင့် ၄ နေရာနှင့် ပြည်နယ်အဆင့် ၁ နေရာ တွင် ငြိမ်းချမ်းရေးနှင့်ပတ်သက်ပြီး ဆွေးနွေးပွဲများ ကျင်းပပြုလုပ်ခဲ့ကြသည်။ ထိုဆွေးနွေးပွဲများမှ ရရှိလာသည့် လူထုအသံကို ပြည်နယ်လွှတ်တော်သို့ သွားရောက်တင်ပြခဲ့ကြသော်လည်း ရလဒ်မကောင်းဟု ကယန်းမျိုးဆက်သစ်လူငယ်အတွင်းရေးမှူးမူကက်သရင်းက ပြောသည်။

"လွှတ်တော်က တစ်ချို့အရာတွေကို အကောင်ထည်ဖော်ရင် ရနိုင်တယ်လို့တော့ ပြောတယ်။ ဒါပေမဲ့ အာမခံချက်ရှိတဲ့အချက်တွေတော့ တစ်ချက်မှမပါခဲ့ဘူး။ ဒီအရာတွေက ကျွန်တော်တို့လုပ်နိုင်တယ်ဆိုတာမျိုးတော့ မရှိဘူး"လို့ မူကက်သရင်းက ပြောပါတယ်။

၎င်းတို့အနေဖြင့် ငြိမ်းချမ်းရေးအတွက် လူထု၏လိုလားချက်များကို လွှတ်တော်မှတစ်ဆင့် အစိုးရထံရောက်ရှိကာ အကောင်အထည်ဖော်ဆောင်ရွက်စေလိုခြင်း ဖြစ်သည်။



**ကယန်းမျိုးဆက်သစ်လူငယ် KNGY၊ ကရင်နီပြည်တောင်သူလယ်သမားသမဂ္ဂနှင့် လွှတ်တော်ကိုယ်စားလှယ်များ လွှတ်တော်ရုံးတွင် တွေ့ဆုံခဲ့ကြစဉ်။ (ဓာတ်ပုံ - KNGY)**

ယင်းဆွေးနွေးမှုကို ၂၀၁၉ ဒီဇင်ဘာလ ၂၀ ရက်နေ့က ကယန်းမျိုးဆက်သစ်လူငယ် (KNGY) နှင့် ကရင်နီပြည်တောင်သူလယ်သမားသမဂ္ဂ (KSFU) တို့က ကယားပြည်နယ်လွှတ်တော်ရုံးတွင် ပြုလုပ်ခဲ့ခြင်းသည်။

"ဆွေးနွေးပွဲရလဒ်က ထင်ထားသလိုတော့ ဖြစ်မလာဘူးပေါ့နော်။ ကျွန်မတို့ထင်တာကတော့ သူတို့ကလည်း တစ်စုံတစ်ရာ အစိုးရကို ပြန်ပြောနိုင်လိမ့်မယ်လို့ထင်ပါတယ်"ဟု မူကက်သရင်းကပြောသည်။

၎င်းတို့က ပြည်နယ်ငြိမ်းချမ်းရေးနှင့် ဆက်နွှယ်နေသည့် မြေယာနှင့်ပတ်ဝန်းကျင်အရေး၊ လူငယ်နှင့်ငြိမ်းချမ်းရေး၊ နိုင်ငံရေးနှင့် ဒေသန္တရအုပ်ချုပ်ရေး၊ လူမှုရေးနှင့် ပညာရေး၊ ဌာနေတိုင်းရင်းသားအခွင့်အရေး၊ တောင်သူအရေးနှင့် စီးပွားရေး၊ အလုပ်အကိုင်အခွင့်အလမ်းစသည်တို့ကို လွှတ်တော်ကိုယ်စားလှယ်များထံ တင်ပြဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။

ထို့ပြင် တပ်မတော်မှ ပြည်နယ်အတွင်းရှိတောင်သူများအပေါ် တရားစွဲထားသည့်ကိစ္စကိုလည်း ပြည်နယ်လွှတ်တော်မှတစ်ဆင့် တရားမျှတမှုရစေရန် အသံထွက်ပေးရန် တောင်းဆိုခဲ့ကြသော်လည်း အားရကျေနပ်မှုမရှိခဲ့ကြဟု ကရင်နီပြည်တောင်သူလယ်သမား သမဂ္ဂဥက္ကဋ္ဌ ကိုတူရယ်ကပြောသည်။

"လွှတ်တော်ကိုယ်စားလှယ်တွေအနေနဲ့ကတော့ လွှတ်တော်ပိုင်းဆိုင်ရာအနေနဲ့ သူတို့က ဒီတောင်သူတွေရဲ့အရေးကိစ္စကို ဒီပြည်နယ်အဆင့်မှာ ဆောင်ရွက်ပေးနိုင်တဲ့ နည်းလမ်းတွေက ကုန်သွားပြီဆိုတဲ့ပုံစံမျိုး ပြောလာတော့ ကျွန်တော် စိတ်တော့ မကောင်းဘူးပေါ့"ဟု ၎င်းက ပြောသည်။

(ကိုးကား - https://www.kantarawaddytimes.org)

# ဝန်ကြီးများရုံးငှားထားသည့်ကုမ္ပဏီကို အစိုးရက အထူးအခွင့်အရေးပေးသည့်သဘောသက်ရောက်ဟု စာရင်းစစ်ချုပ်ပြော

**ဇန်နဝါရီ ၈၊ ၂၀၂၀**

ဝန်ကြီးများရုံးကို ငှားရမ်းထားသည့် အနော်မာကုမ္ပဏီအပေါ် ရန်ကုန်တိုင်းဒေသကြီးအစိုးရက အထူးအခွင့်အရေးပေးသည့် သဘောသက်ရောက်နေပြီး နိုင်ငံတော်၏ရငွေများ သတ်မှတ်ကာလအတွင်း အပြည့်အဝရရှိရေး ဆောင်ရွက်ရန်လိုကြောင်း ရန်ကုန်တိုင်းစာရင်းစစ်ချုပ် ဒေါ်ခင်သန်းလှကပြောသည်။

ဇန်နဝါရီလ ၈ ရက်နေ့က ပြုလုပ်သည့် ရန်ကုန်တိုင်းလွှတ်တော် အစည်းအဝေးတွင် ရန်ကုန်တိုင်းစာရင်းစစ်ချုပ်၏ ၂၀၁၇-၁၈ ဘဏ္ဍာရေးနှစ် စစ်ဆေးတွေ့ရှိချက်အစီရင်ခံစာအား လွှတ်တော်သို့ရှင်းလင်းတင်ပြရာတွင် ထိုသို့ ထည့်သွင်းပြောဆိုခဲ့ခြင်းဖြစ်သည်။

ထို့ပြင် စာရင်းစစ်ချုပ်အနေနှင့် ဝန်ကြီးများရုံး ငှားရမ်းခြင်းစာချုပ်ပါ စည်းကမ်းချက်များအရ ငှားရမ်းခကို သတ်မှတ်ရက်အတွင်း မပေးချေပါကငှားရမ်းခ၏၁၀ရာခိုင်နှုန်းကိုဒဏ်ကြေးအဖြစ်ပေးသွင်းရမည်ဟုပါရှိသော်လည်း ကုမ္ပဏီဘက်က ငှားရမ်းခပေးသွင်းမှု နောက်ကျခြင်းအပေါ် ဒဏ်ကြေးငွေကောက်ခံထားခြင်းမရှိသကဲ့သို့ မူလလုပ်ငန်းများ အကောင်အထည်ဖော်မှုနှင့်စပ်လျဉ်းပြီး လုပ်ငန်းအကောင်အထည်ဖော်မည့်ကာလကို နှစ်ဦးနှစ်ဖက်ညှိနှိုင်းဆောင်ရွက်မှုမရှိခြင်း၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ပြင်ဆင်မွမ်းမံကာလကို တိုးမြှင့်ခွင့်ပြုခဲ့သော်လည်း နှစ်ဦးသဘောတူစာချုပ်များချုပ်ဆိုထားမှုမရှိခြင်းတို့ကိုပါ တွေ့ရှိရသည်ဟု စာရင်းစစ်ချုပ်အစီရင်ခံစာတွင် ဖော်ပြထားကြောင်း ၎င်းက ရှင်းလင်းပြောဆိုသည်။

"ဝန်ကြီးများရုံးနဲ့ပတ်သက်ပြီး အခုတော့ စောင့်ကြည့်ရေးအဖွဲ့တွေဖွဲ့ပြီး စောင့်ကြည့်နေတယ်။ SPA ဖွင့်ခဲ့တာနဲ့ ပတ်သက်ပြီးတော့လည်း လက်ရှိမှာ လုပ်ငန်းရပ်ဆိုင်းထားတာပဲရှိတယ်။ ကျန်တာတော့ အရေးယူတာမရှိသေးဘူး။ အခုစာရင်းစစ်ချုပ်ရဲ့ အစီရင်ခံစာအရ ငှားရမ်းခငွေပေးချေမှု မမှန်တာတွေပါ ဖတ်ကြားသွားတာ တွေ့ရတယ်၊ အဲဒါတွေကိုဆက်ပြီးတော့ စောင့်ကြည့်တာတွေ လုပ်သွားရမှာပေါ့"ဟုဗိုလ်တထောင်မြို့နယ်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထူးက ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ပိုင် ဗိုလ်တထောင်မြို့နယ်ရှိ ဝန်ကြီးများရုံး (ဧရိယာ ၁၅ ဒသမ ၉၆၃ ဧက) အကျယ်အဝန်းရှိ ရုံးမြေနှင့်အဆောက်အအုံကို ပြတိုက်အပါအဝင် အခြားဝန်ဆောင်မှုလုပ်ငန်းများအတွက် အသုံးပြုရန် အနော်မာအနုပညာအဖွဲ့ကုမ္ပဏီသို့ BOT စနစ်ဖြင့် ၂၁၁၅ ခုနှစ် ဇန်နဝါရီလ ၂၉ ရက်နေ့မှ ၂၀၁၆၅ ခုနှစ် ဇန်နဝါရီလ ၂၉ ရက်နေ့အထိ နှစ် ၅၀ စာချုပ်ချုပ်ဆိုငှားရမ်းထားခြင်းဖြစ်သည်။

(ကိုးကား-http://thevoicemyanmar.com)